# မြန်မာနိုင်ငံ | BURMA

TIER 1 | USCIRF-RECOMMENDED COUNTRY OF PARTICULAR CONCERN (CPC)

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အဖွဲ့အစည်း (USCIRF) သည် နိုင်ငံရေးပါတီနှစ်ရပ် ပါဝင်လျက် သီးခြားရပ်တည်နေသော အမေရိကန်ပြည်ထောင်စု ကော်မရှင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြည်ပနိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာကိုးကွယ်ခွင့် သို့မဟုတ် ယုံကြည်ခွင့်ကို စောင့်ကြပ်ကြည့်ရှုပါသည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံတကာဘာသာရေးလွတ်လပ်မှု အက်ဥပဒေ (IRFA) အရ တည်ထောင်ခဲ့သော USCIRF သည် ပြည်ပတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ချိုးဖောက်မှုများကို နိုင်ငံတကာအဆင့်အတန်းများအသုံးပြုလျက် စောင့်ကြပ်ကြည့်ရှုပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်တို့ကို မူဝါဒရေးရာအကြံပြုချက်များပေးပါသည်။ USCIRF သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားရပ်တည်လျက် ကွဲပြားသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာသည် နယ်မြေဒေသရှိမတရားဖိနှိပ်မှုများကို မှတ်တမ်းတင်ထားရန်နှင့် အမေရိကန်အစိုးရထံ မူဝါဒရေးရာ သီးခြားအကြံပြုချက်များပေးရန် မဟာမင်းကြီးများနှင့်ကျွမ်းကျင်သူပညာရှင်ဝန်ထမ်းများ၏ တစ်နှစ်စာအလုပ်၏ အထွတ်အထိပ်ပင်ဖြစ်ပါသည်။ ၂၀၁၉ နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ အကြောင်းအရာများကို ဖော်ပြထားပါသည်။ သို့ရာတွင် ၄င်းကာလမတိုင်မီနှင့် ၄င်းကာလနောက်ပိုင်းတွင် ပေါ်ပေါက်သည့် အရေးပါသော အဖြစ်အပျက်အချို့ကိုလည်း ဖော်ပြထားပါသည်။ USCIRF ၏အကြောင်း အချက်အလက်များထပ်မံရယူရန် ဤနေရာရှိ ဝက်ဆိုက်တွင်ကြည့်ပါ။ သို့မဟုတ် 202-523-3240 ရှိ USCIRF ကို တိုက်ရိုက်ဆက်သွယ်ပါ။

## မြန်မာနိုင်ငံ

**အဓိကတွေ့ရှိချက်များ။** ။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဘာသာရေးလွတ်လပ်မှု အခြေအနေများမှာ အဖျက်သဘော ဆောင်သည့်ဘက်သို့ ဦးတည်ခဲ့ပြီး အထူးသဖြင့် ရိုဟင်ဂျာ မွတ်စလင်များအတွက်ဖြစ်သည်။ မြန်မာအစိုးရ၊ တပ်မတော် အပြင် အစိုးရမဟုတ်သည့် သြဇာရှိသူများက တာဝန်ရှိမှုငြင်းဆိုခဲ့ပြီး အနှံ့အပြား ဖြစ်ပေါ်သည့် ရက်စက်ကြမ်းကြုတ်မှုများ အတွက် တာဝန်ယူမှုကို ကြီးမားစွာ ရှောင်တိမ်းခဲ့သော်လည်း အမေရိကန် ပြည်ထောင်စုနှင့် ၄င်း၏မဟာမိတ်များသည် တပ်မတော်မှ သြဇာရှိသူများကို "မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် တိုင်းရင်းသား လူမျိုးရေးသန့်စင်မှုတွင် ၄င်းတို့ ပါဝင်ခြင်းနှင့် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အခြားသော အနှံ့အပြား လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက်" လက်တစ်ဆုပ်စာ ပစ်မှတ်ထားပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြ၏။ လူ့အခွင့်အရေးနှင့် လွတ်လပ်စွာ ကိုးကွယ်မှု ပြင်းထန်စွာချိုးဖောက်ခံရသူများတွင် တရားမျှတမှုအတွက် မျှော်လင့်ချက် အနည်းငယ်သာရှိ၏၊ ၄င်းတို့ အထဲတွင် ရိုဟင်ဂျာနှင့် အခြား မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်များနှင့် ဟိန္ဒူများအပြင် ကချင်၊ ရှမ်း၊ ကရင်၊ ရခိုင်နှင့် ချင်းတိုင်းရင်းသားများလည်း ပါဝင်၏။ အစီရင်ခံသည့်ကာလပြီးနောက် မကြာမီ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ ရိုဟင်ဂျာ မွတ်စလင်အများစု ဖြစ်သော လူကိုးသိန်းတစ်သောင်းတစ်ထောင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည် စခန်းများတွင် နေခဲ့ကြသည်၊ ၄င်းဒုက္ခသည်များအနက် ခုနစ်သိန်းကျော်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် သြဂုတ်လတို့တွင် ရခိုင်ပြည်နယ်၌ တပ်မတော်၏အများအပြား ဖြိုခွဲမှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ကြရ၏။ ၂၀၁၈ ခုနှစ်တွင် USCIRF ကိုယ်စားလှယ်အဖွဲ့သည် ရိုဟင်ဂျာ မွတ်စလင် ဒုက္ခသည်များနှင့် တွေ့ဆုံရန်နှင့် ၄င်းတို့၏ဒုက္ခကို ဘင်္ဂလာဒေ့ရှ် အစိုးရနှင့် ဆွေးနွေးရန် ဘင်္ဂလာဒေ့ရှ်သို့ သွားရောက်ခဲ့ကြ၏။ မြန်မာနိုင်ငံတွင် နေရစ်သော ရိုဟင်ဂျာ မွတ်စလင်များအတွက် အခွင့်အရေးများ မရရှိခြင်းနှင့် ဆက်လက်ဖြစ်ပေါ်နေသော လူသားချင်းစာနာမှု အကျပ်အတည်းမှာ ကြီးမားလှသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန် ပြည်ထောင်စုသည် ထိုရက်စက်ကြမ်းကြုတ်မှုများကို လူမျိုးရေး သန့်စင်မှုဟု ခေါ်ဆိုခဲ့သော်လည်း ရခိုင်ပြည်နယ်ရှိ အကျပ်အတည်းနှင့် ပတ်သက်၍သာ ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့

ကုလသမဂ္ဂမှ ဖွဲ့စည်းခဲ့သော သီးခြားရပ်တည်သည့် ကော်မရှင်တစ်ရပ် အပါအဝင် ရခိုင်ပြည်နယ်ရှိ ရယူနိုင်သော အထောက်အထားများသာမက ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းကဲ့သို့ မြန်မာ့တပ်မတော်မှ ပြင်းထန်စွာ ပစ်မှတ်ထားသော အခြားဒေသများကိုပါ စစ်ဆေးခဲ့သော အခြားသူများက လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသာမက လူမျိုးတုန်းသတ်ဖြတ်မှုများပင် ပေါ်ပေါက်ခဲ့သည်ဟု ကောက်ချက်ချခဲ့သည်။ မြန်မာ့တပ်မတော်နှင့် အစိုးရမဟုတ်သော သြဇာရှိသူများသည် ရိုဟင်ဂျာမွတ်စလင်များအပြင် ခရစ်ယာန်များကဲ့သို့ အခြားဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများကို ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့ဖြင့် ဆက်လက်ပစ်မှတ်ထားခဲ့ကြသည်။ ထိုထက်မက ဆယ်စုနှစ်ပေါင်းများစွာ ကြီးထွားလာနေသော သံသယများနှင့် ဘာသာရေးနှင့် တိုင်းရင်းသားအုပ်စုများ အသီးသီးတွင် ယုံကြည်စိတ်ချမှု မရှိခြင်းတို့သည် များမကြာမီနှစ်များက ကောလဟာလများ ဖြန့်ရန်၊ သည်းခံမှုကင်းမဲ့ခြင်း ပေါ်ပေါက်စေရန်နှင့် အကြမ်းဖက်မှုနှိုးဆော်ရန် လူမှုရေးမီဒီယာ ပလက်ဖောင်းများ ပွားများလာခြင်းကြောင့် ပိုကြီးထွားလာ၏။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရသည် ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုမှုနှင့် စာနယ်ဇင်းကိုပါ သွားပုတ်လေလွင့် ပြောဆိုခြင်းအပါအဝင် ပြည်တွင်းပြည်ပ ဝေဖန်သူများကို ဆက်လက် ပစ်မှတ်ထားခြင်းဖြင့် တိုးပွားလာနေသော အမျိုးသားစိတ်အားထက်သန်မှုကို အသုံးပြုခဲ့၏။ ဥပမာ ရိုဟင်ဂျာ မွတ်စလင်များအပေါ် ရက်စက်ကြမ်းကြုတ်မှုများအကြောင်း အစီရင်ခံသည့် ရိုက်တာသတင်းထောက်နှစ်ဦးကို ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခဲ့၏။

နိုင်ငံအတွင်း စနစ်တကျဆက်လက်ပေါ်ပေါက်နေကာ လွန်ကဲစွာဆိုးရွားသော ဘာသာရေးလွတ်လပ်ခွင့်အပေါ် ချိုးဖောက်မှုများကိုအခြေခံ၍ ၂၀၁၉ ခုနှစ်တွင် USCIRF သည် မြန်မာနိုင်ငံအား နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အက်ဥပဒေ (IRFA) အရ "အထူးစိုးရိမ်ဖွယ်ကောင်းသည့် နိုင်ငံ" သို့မဟုတ် CPC အဖြစ်သတ်မှတ်ထိုက်ကြောင်း ထပ်မံတွေ့ရှိသည်။ အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှစ၍ အထူးစိုးရိမ်ဖွယ်ကောင်းသည့်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ကာ ဤသို့သတ်မှတ်သည့်နောက်ဆုံးအချိန်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလက ဖြစ်ပါသည်။ IRFA အရ မြန်မာနိုင်ငံအား အထူးစိုးရိမ်ဖွယ်ကောင်းသည့်နိုင်ငံအဖြစ် ဆက်လက် သတ်မှတ်ရန်နှင့် နိုင်ငံတကာလက်နက်ကုန်သွယ်ခြင်း စည်းမျဉ်းစည်းကမ်းများ၏ 22 CFR 126.1 တွင် ရည်ညွှန်းထား သည့်အတိုင်း လက်ရှိလက်နက်ရောင်းချမှု ပိတ်ဆို့ရေးကို ဆက်လက်ထားရှိရန် USCIRF မှ နိုင်ငံခြားရေး ဝန်ကြီးဌာနကို အကြံပြုပါသည်။

## အမေရိကန်ပြည်ထောင်စုအစိုးရထံ အကြံပြုချက်များ

- နိုင်ငံတကာ အရေးပေါ် စီးပွားရေး အင်အားကြီးနိုင်ငံများ အက်ဥပဒေ (50 U.S.C. 1701-1706) အရ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် သမ္မတအမိန့် ဖြင့်ရပ်စဲခဲ့သော အမျိုးသားအရေးပေါ်အဖြစ် သတ်မှတ်ချက်ကို ပြန်လည်ထားရှိရန်၊ ယင်းမှာ အထူးသဖြင့် ဘာသာရေး လွတ်လပ်ခွင့် ချိုးဖောက်မှုများ အပါအဝင် ဆက်လက်ဖြစ်ပေါ်နေသော ပြင်းထန်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် နိုင်ငံတွင်းပေါ်ပေါက်နေသည့် လူသားချင်းစာနာမှု အကျပ်အတည်း များစွာကို တုံ့ပြန်သည့်အနေဖြင့် ဖြစ်သည်၊ ၎င်းအပြင် ထိုရက်စက်ကြမ်းကြုတ်မှုများသည် လူသားအပေါ်ကျူးလွန်သည့်ပြစ်မှုများ နှင့်/သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှု အပေါ် ဥပဒေသတ်မှတ်ချက်နှင့် ပြည့်မီခြင်းရှိမရှိ အတိအကျ လူသိရှင်ကြား ဆုံးဖြတ်ရန် ကြိုးပမ်းမှုများအပေါ် ပြန်လည်အာရုံစိုက်ရန်၊

- ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် အခြားဒေသများတွင်ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ၏ အထောက်အထားများကို ကောက်ခံ၊ ထိန်းသိမ်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ရန် ကြိုးပမ်းချက်များကို ပံ့ပိုးရန်နှင့် ကျူးလွန်သူများကို အောက်ပါတို့အားဖြင့် တာဝန်ယူစေရန်-

- ○ မြန်မာ့တပ်မတော်၊ လုံခြုံရေးတပ်များနှင့် အစိုးရမဟုတ်သော သြဇာရှိသူများကို ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများအတွက် ပစ်မှတ်ထား ပိတ်ပင်မှုများကို ဆက်လက်ပြုလုပ်ရန်၊
  - ○ မြန်မာနိုင်ငံအတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ သီးခြားစုံစမ်းစစ်ဆေးမှု ယန္တရားကို တက်ကြွစွာပံ့ပိုးလျက် ပူးပေါင်းဆောင်ရွက်ရန်၊
  - ○ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဥပဒေများအရ ကြီးလေးသည့်ပြစ်မှုများဖြင့် စွပ်စွဲခံရသော အစိုးရရော အစိုးရမဟုတ်သော သြဇာရှိသူများအတွက်ပါ ခုံရုံးတစ်ရပ်ဖွဲ့ရေး နိုင်ငံတကာ ပူးပေါင်းလုပ်ကိုင်သူများနှင့် ဆောင်ရွက်ရန်နှင့်
  - ○ လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်တားဆီးရေးနှင့် အပြစ်ဒဏ်အပေါ် ၁၉၄၈ ခုနှစ်စာချုပ်ကို မြန်မာနိုင်ငံ၏ ချိုးဖောက်မှုအပေါ် အခြေခံကာ အပြည်ပြည်ဆိုင်ရာ တရားရုံးရှေ့မှောက် အမှုတစ်ရပ်တင်သွင်းရန်နှင့်

- ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများပေါ်ပေါက်စေရန် လှုံ့ဆော်မှုအဖြစ် သတ်မှတ်ထားသည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှု ထောက်ခံပြောဆိုခြင်းကို တားမြစ်ရေးအပေါ် ရာဘတ်လုပ်ရှားမှုအစီအစဉ် ၏ စိတ်ဓာတ်ဖြင့် သည်းမခံမှု တိုက်ဖျက်ပြီး အများပါဝင်မှုနှင့် ခွဲခြားဆက်ဆံမှု မပြုရေးကို အားပေးရန် မြန်မာနိုင်ငံအစိုးရ၊ ဘာသာရေးအသိုင်းအဝိုင်းအားလုံးမှ (ခေါင်းဆောင်များနှင့် သာမန်လူများအပါအဝင်) ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်သူများနှင့် အတူဆောင်ရွက်ရန်။

**နောက်ခံသမိုင်း**

| |
|---|
| **မြန်မာနိုင်ငံ**<br>**အမည်အပြည့်အစုံ -** မြန်မာနိုင်ငံ သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ<br>**အစိုးရ -** ပါလီမန် သမ္မတနိုင်ငံ<br>**လူဦးရေ -** ၅၅၆၂၂၅၀၆<br>**အစိုးရအသိအမှတ်ပြုထားသည့်ဘာသာရေးများ/ယုံကြည်ကိုးကွယ်မှုများ -** ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်မှု<br>**ဘာသာရေးဆိုင်ရာ လူဦးရေစာရင်း -**<br>၈၇.၉% ဗုဒ္ဓဘာသာ<br>၆.၂% ခရစ်ယာန်<br>၄.၃% မွတ်စလင် (စွန်နီမွတ်စလင် အများစု)<br>၀.၈% နတ်ကိုးကွယ်သူ<br>၀.၅% ဟိန္ဒူ<br>၀.၂% အခြား (ရိုးရာတရုတ်နှင့် တိုင်းရင်းသားဘာသာများ၊ ဂျူးများနှင့် အခြားဘာသာများ အပါအဝင်)<br>၀.၁% ဘာသာမရှိ<br>*ခန့်မှန်းချက်များကို CIA ကမ္ဘာ့အချက်အလက်စာအုပ်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနမှ ရယူထားပါသည်။ |

၂၀၁၈ ခုနှစ်တွင် မြန်မာအစိုးရသည် အားနည်းသောလူမှုအသိုင်းအဝိုင်းများအပေါ် ဘာသာရေးနှင့် တိုင်းရင်းသားအခြေပြု ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်၊ သည်းခံကာ ၎င်း၏အခန်းကဏ္ဍကို ငြင်းဆိုခဲ့၏။ တရားဝင်

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ လက်တွေ့သဘာအရ ဗုဒ္ဓဘာသာကို မြှင့်တင်ထားကာ ကြာမြင့်စွာကတည်းက ရှိနေခဲ့သော လူများစုဗမာတိုင်းရင်းသားမဟုတ်သူများ သို့မဟုတ်လူများစုဗုဒ္ဓဘာသာဝင် မဟုတ်သူများအပေါ် အတည်တကျရှိနေသည့် ခွဲခြားဆက်ဆံမှုတို့ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံ၏ဒီမိုကရေစီပုံစံ အစိုးရသည် ရည်မှန်းချက် ကြီးမား၏။

အုပ်ချုပ်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည် ၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မွတ်စလင်များအပေါ် အပါအဝင် ကြမ်းဖန်များစွာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းများအပေါ် ဆိတ်ငြိမ်နေမှုအတွက်သာမက ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လုပ်ဆောင်မှုများအတွက်ပါ ဝေဖန်မှုများ တိုး၍ရင်ဆိုင်နေရသည်။ တရားဝင်မဟုတ်သော်လည်း လက်တွေ့တွင် ခေါင်းဆောင်ဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခင်ကပေးအပ်ထားသော ဆုများနှင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အမေရိကန်ပြည်ထောင်စု ဟောလိုကော့စ် အထိမ်းအမှတ်ပြတိုက်အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပြန်လည်ရုပ်သိမ်း လိုက်သည့်အခါ သူမတွက် ထိုဝေဖန်မှုမှာ အဆိုးဆုံးအခြေအနေသို့ ရောက်ခဲ့သည်။ အုပ်ချုပ်မှုမောင်းတံအများအပြားကို ထိန်းချုပ်နေဆဲဖြစ်သည့် တပ်မတော်နှင့် ၎င်း၏ရှုပ်ထွေးသော ဆက်ဆံရေးကို မကြာခဏပင် နားလည်မှုလွဲကြသည်။ စောင့်ကြည့်လေ့လာသူအချို့က ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်သည့် ၁၃ နေရာအနက် ခုနစ်နေရာသာ NLD အနိုင်ရခြင်းကို ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ယင်းပါတီ၏အလားအလာများ၏ ရှေ့ပြေးနိမိတ်တစ်ရပ်ဟု ဖော်ပြကြသည်။ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများအပေါ် NLD၊ ၎င်း၏အတိုက်အခံပါတီ ပြည်ထောင်စု စည်းလုံးညီညွတ်ရေးနှင့် ကြံ့ခိုင်ဖွံ့ဖြိုးပါတီနှင့် တပ်မတော်တို့၏ တုံ့ပြန်သည့်အတွက်အချက်များအပေါ် နိုင်ငံရေးသုံးသပ်ခြင်းများကသာ ဖြေရှင်းချက်များ မပေးသော်လည်း ၎င်းတို့အချင်းချင်း၏ရပ်တည်ချက်ကို ပံ့ပိုးပေးသည်ကား မှန်ပေ၏။

ထိုနှစ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အစ္စလမ်ဘာသာနှင့် ခရစ်ယာန်ဘာသာသင်ကြားမှုတို့ကို အစိုးရခွင့်ပြုသည့် ဝတ်ပြုကျောင်းနေရာများ၌သာ ပြုလုပ်ရန်နှင့် ထိုသင်ကြားမှုများကို ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအတွက် မိခင်ဘာသာစကား မဟုတ်သော မြန်မာဘာသာဖြင့်သာ သင်ကြားရန် ကန့်သတ်ထားသည့် အမိန့်များ ထုတ်ပြန်ခဲ့ကြောင်း အစီရင်ခံချက်များရှိခဲ့သည်။ နောက်ထပ်အစီရင်ခံစာများအရ တပ်မတော်မှ ချုပ်ကိုင်ထားသည့် အစိုးရဌာနအများအပြားအတွက် တာဝန်ရှိသော ယန္တရားဖြစ်သည့် ပြည်ထဲရေး ဝန်ကြီးဌာနအတွင်းရှိ အဖွဲ့အစည်းတစ်ခုဖြစ်သော အထွေထွေ စီမံခန့်ခွဲရေး ဌာန (GAD) မှ အစ္စလမ်ဘာသာရေး သင်ကြားမှုများအပေါ် အလားတူ ကန့်သတ်မှုအမိန့်များ ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အခြေအနေများကို စစ်ဆေးမှုအပြင် ကုလသမဂ္ဂသည် ၂၀၁၈ ခုနှစ် တစ်လျှောက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပေါ်နေမှုများကို တက်ကြွစွာ စောင့်ကြပ်ကြည့်ရှုခဲ့၏။ သူမ၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ လုပ်ငန်းအဆုံး ထုတ်ပြန်ချက် တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေအပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီးလီက တိုင်းရင်းသား လူနည်းစုများအတွက် သက်ဆိုင်မှုနှင့် တန်းတူညီတူရှိမှုအကြောင်း အဓိက အကြောင်းရင်းများကို အလေးထားပြောကြားခဲ့ပြီး ဝတ်ပြုရာနေရာများကို တပ်မတော်မှ တိုက်ခိုက်သည့် သမိုင်းကို ဂရုပြု ပြောကြားထားပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးမှ ဆွစ်စလန် နိုင်ငံသူ သံတမန် ခရစ္စတင်း ရှရေနာ ဘဲဂျင်နယ်ကို မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည်၊ သူမသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဇွန်လက ထိုအခန်းကဏ္ဍမှ ပထမဦးဆုံးအကြိမ် သွားရောက်ခဲ့သည်။ အချက်အလက် ရှာဖွေရေးလုပ်ငန်းတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ပါဝင်သော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးခြားရပ်တည်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးလုပ်ငန်းအဖွဲ့ သည် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ကနဦး

တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့ပြီး အစီရင်ခံစာ အပြည့်အစုံကို စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ကာ လူမျိုးတုံး သတ်ဖြတ်မှု အတွက် မြန်မာ့ တပ်မတော် ခေါင်းဆောင်များကို စုံစမ်းစစ်ဆေးကာ အရေးယူသင့်သည်ဟု သုံးသပ်ခါ ၎င်းတို့၏ "လူမျိုးတုံး သတ်ဖြတ်ရန် ရည်ရွယ်ချက်" ရှိကြောင်း ဆိုလိုသည့် အခြေအနေများကို မှတ်သားခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ် ကို တစ်ခဲနက်ထောက်ခံခဲ့ပြီး ယင်းတွင် လူနည်းစုအသိုင်းအဝိုင်းများ၏ အခြေအနေနှင့် "နိုင်ငံမဲ့မှု၊ မဲပေးခွင့် ရုပ်သိမ်းမှု၊ ဥစ္စာပစ္စည်းနှင့် အိမ်ယာ သိမ်းယူမှု၊ ပယ်ထားမှု၊ စားဝတ်နေရေးကင်းမဲ့စေမှုနှင့် အများစုမှာ နိုင်ငံခြား ထောက်ပံ့မှုအပေါ် သာ လုံးဝမှီခိုနေရသည့် ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းအပေါ်၊ ပြည်တွင်း နေအိမ်စွန့်ခွာ ထွက်ပြေး ရသူများ ခန့်မှန်းခြေ အယောက်တစ်သိန်းနှစ်သောင်းခန့်အား စခန်းများတွင် ကန့်သတ်ထိန်းသိမ်းထားခြင်း အပါအဝင် လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့်သတ်ချက်များ" ကိုသတိပြုခဲ့ပါသည်။ (ရခိုင်ပြည်နယ်တွင် ထိန်းသိမ်းထားသော ထောင်ပေါင်းများစွာတို့မှာ နိုင်ငံ၏ တရားဝင် အသိအမှတ်ပြုခြင်း ခံရသည့် တိုင်းရင်းသား အုပ်စုများမှ တစ်ခုအပါအဝင် တိုင်းရင်းသား ကမန်းမွတ်စလင်များဟု ယူဆရသည်။)

## ၂၀၁၈ ခုနှစ် ဘာသာရေးလွတ်လပ်မှု အခြေအနေများ

***ရခိုင်ပြည်နယ်အကျပ်အတည်း - ရိုဟင်ဂျာမွတ်စလင်နှင့် အခြားသူများ -*** ၂၀၁၈ ခုနှစ် ဩဂုတ်လသည် အဓိကအားဖြင့် ရိုဟင်ဂျာ မွတ်စလင်များအပေါ် အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့် သတ်ဖြတ်ခြင်းတို့ ကျူးလွန်သည့် မြန်မာနိုင်ငံ အာဏာပိုင်များ၏ ဒုတိယအကြိမ် ရက်စက်ကြမ်းကြုတ်သည့် စည်းရုံးရေး နှစ်ပတ်လည် ဖြစ်သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မြန်မာ့လုံခြုံရေးတပ်များက ပထမဦးစွာ စတင်ခဲ့သည့် ရှင်းလင်းမှု စစ်ဆင်ရေးများအပါအဝင် အကြမ်းဖက်မှုစတင်ကတည်းက ရိုဟင်ဂျာ မွတ်စလင် ခုနစ်သိန်းကျော်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ယင်းနိုင်ငံ ကောက်စစ်ဘဇားရှိ ဒုက္ခသည်ဦးရေသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စုစုပေါင်း ကိုးသိန်းတစ်သောင်းတစ်ထောင် ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် USCIRF ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကောင်စစ်ဘဇားရှိ ကုတုပလောင်နှင့် နာယာပါရာ ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲ့၏။ ရိုဟင်ဂျာ မွတ်စလင်များ၏ အတိဒုက္ခအကြောင်း စိတ်ထိခိုက်ဖွယ် ဖော်ပြချက်တစ်ရပ်တွင် ဒုက္ခသည်တစ်ဦးမှ ယခင်က ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များသည် ရိုဟင်ဂျာ မွတ်စလင်များ၏ လွတ်လပ်မှုများကို ပိတ်ပင်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ် အောက်တိုဘာနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ အကြမ်းဖက်မှုလှိုင်းများ အချိန်မှစ၍ "အာဏာပိုင်များက ၎င်းတို့အား မုဒိမ်းကျင့်ခြင်း၊ မီးရှို့ခြင်းနှင့် သတ်ဖြတ်ခြင်းများ ပြုကြသည်" ဟု USCIRF အား ပြောပြ၏။ ဒုက္ခသည်အချို့သည် USCIRF အား ၎င်းတို့၏ မကြာသေးမီကမှ အနာကျက်ခဲ့သည့် ဒဏ်ရာများကို ပြကြသည်။ ထိုဒဏ်ရာများမှာ မြန်မာ့တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ပြုလုပ်ခဲ့သည် သေနတ်ဒဏ်ရာများနှင့် မီးလောင်ဒဏ်ရာများ ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် မိုးရာသီမြေပြိုမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူကျပ်တည်းနေသော ဒုက္ခသည်စခန်းများတွင် သေဆုံးမှုများ ဖြစ်ပွားခဲ့သည်၊ အဖြစ်အပျက်တစ်ရပ်တွင် အမျိုးသမီးများနှင့် ကလေးငယ်များ အနည်းဆုံး တစ်ဒါဇင် သေဆုံးခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏အပြောအရ ဒုက္ခသည်များ ခိုနားရာအိမ် အနည်းဆုံး ကိုးထောင်သည် မုတ်သုန်မိုးရေ များနှင့်အတူ မြောပါသွားခဲ့၏။ ဒုက္ခသည်များသည် အာဟာရချို့တဲ့မှု၊ မသန့်ရှင်းသော အခြေအနေများ၊ ရောဂါတို့နှင့် လည်း ဆက်လက်၍ တိုက်ပွဲဝင်နေရ၏။ မြန်မာနိုင်ငံတွင် နေရစ်ခဲ့သော ရိုဟင်ဂျာ မွတ်စလင်များအတွက်လည်း လူသားချင်းစာနာမှု အထောက်အပံ့ ပိတ်ဆို့ထားသောကြောင့် အစားအစာနှင့် ဆေးဝါးပြတ်တောက်မှု၊ သွားလာမှု ကန့်သတ်ထားခြင်းနှင့် ပြည်တွင်း နေအိမ်စွန့်ခွာကာ စခန်းများတွင် နေနေရသူများ အပါအဝင် အဆက်မပြတ် နိုင်ငံမဲ့ ဖြစ်နေခြင်းစသည်ဖြင့် အခြေအနေများမှာ ဆက်လက်၍ သေရေးရှင်ရေးတမျှ ဖြစ်နေ၏။ တစ်ချိန်က ရခိုင်ပြည်နယ်ရှိ

ရိုဟင်ဂျာရွာများသည် မြေထိုးစက်ဖြင့် ဖြိုဖျက်ခံရပြီး တပ်မတော်စခန်းများက အစားထိုးနေရာယူခဲ့ကြကာ၊ အချို့ အခြေအနေများတွင် ပြန်ရောက်လာသည့် ဒုက္ခသည်များကို ထိန်းသိမ်းထားရန် ယာယီစခန်းများက အစားထိုး နေရာယူထားကြသည်။ သတင်းအရ ထောင်ပေါင်းများစွာသော ရိုဟင်ဂျာ မွတ်စလင်များသည် ဘင်္ဂလာဒေ့ရှ်ဘက်၌ တူးမြောင်းငယ်တစ်ခုနှင့် မြန်မာနိုင်ငံဘက် သံဆူးကြိုးဖြင့် ခြံစည်းရိုးတို့အကြားတွင် ပိတ်မိနေလျက် နယ်စပ်တစ်လျှောက် လူသူကင်းမဲ့သောနေရာတစ်ခုသို့ ထွက်ပြေးခဲ့ကြရသည်။ သတင်းအရ ၂၀၁၈ ခုနှစ် ဧပြီလ ငါးဦးပါ ရိုဟင်ဂျာ မိသားစု တစ်စုသည် မြန်မာနိုင်ငံသို့ ပြန်ပို့ခံရသည့်အခါ ဘင်္ဂလာဒေ့ရှ်အစိုးရမှ မြန်မာနိုင်ငံအား ဝါဒဖြန့်ကြောင်း စွပ်စွဲခဲ့သည်၊ ထိုလူသူကင်းမဲ့သော နေရာမှ ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံမှ တစ်ခါမျှ ထွက်ခွာသွားခဲ့ခြင်း မရှိကြောင်း စွပ်စွဲခဲ့သည်။ ယင်းအခြေအနေများသည် အချို့သော ရိုဟင်ဂျာ မွတ်စလင်များအား မြန်မာနိုင်ငံသို့ လှေဖြင့်ထွက်ပြေးရန် ဆက်လက် ကြိုးပမ်းစေသည်။

ရာပေါင်းထောင်ပေါင်းများစွာသော ရိုဟင်ဂျာ မွတ်စလင်များနှင့် မိမိတို့အိမ်များ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများမှ တွယ်ရာမဲ့သွားကြသော အခြားဒုက္ခခံရသူများသည် ဒုက္ခသုက္ခရောက်ပြီးနောက် စိတ်ပင်ပန်းမှု၊ မုဒိမ်းကျင့်ခံရသဖြင့် ကလေးမွေးခြင်း သို့မဟုတ် မုဒိမ်းကျင့်ခံရရာမှ မွေးလာသည့်ကလေးတစ်ဦး ဖြစ်ခြင်းတို့ကြောင့် အသရေဖျက်ခံရခြင်း၊ ပညာနည်းသည့် အားနည်းချက်နှင့် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဘာသာရေးရိုးရာတို့ လျော့နည်းလာမှုတို့ကိုလည်း ဘဝတစ်လျှောက်လုံး ရင်ဆိုင်ရသည်။ ယင်းတို့အထဲတွင် နိုင်ငံတကာအဖွဲ့များက စနစ်တကျ အများအပြား မုဒိမ်းကျင့် ခံရခြင်းနှင့် အခြားသောပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမျိုးသားအမျိုးသမီးဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ ခံခဲ့ရသူများဟု စေ့စပ်သေချာစွာ မှတ်တမ်းတင်ထားသည့် ရိုဟင်ဂျာ မွတ်စလင် အမျိုးသမီးများနှင့် မိန်းကလေးများ မြောက်များစွာ ပါဝင်သည်။ ဆက်လက်ဖြစ်ပေါ်နေသော ၎င်းတို့၏ အလွယ်တကူ ခေါင်းပုံဖြတ်ခံရခြင်းတွင် လူကုန်ကူးခြင်း၊ တရားမဝင် လူမှောင်ခိုခြင်းနှင့် ပြည့်တန်စာပြုခြင်း အပါအဝင် အဓမ္မစေခိုင်းခြင်းတို့ ပါဝင်သည်၊ မြန်မာ့ တပ်မတော်သည် ယင်းနည်းများကို ဘာသာရေး အသိုင်းအဝိုင်းများနှင့် တိုင်းရင်းသား လူမှုအသိုင်းအဝိုင်း အမြောက်အများ အပေါ် "စစ်လက်နက်" အဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ထိုအချိန်က ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးဖြစ်သူ ဇေးဒ်ရာဒ် အာလ်ဟူစိန်က ရိုဟင်ဂျာ မွတ်စလင်များအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သူများကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (ICC) ရှေ့မှောက် ခေါ်ဆောင်ရန် တောင်းဆိုခဲ့စဉ်က မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်က ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ မွတ်စလင်များ နေထိုင်ဆဲဖြစ်သဖြင့် ဖြစ်ပေါ်ခဲ့သည့်အရာမှာ လူမျိုးတုံးသတ်ဖြတ်ခြင်း မဖြစ်နိုင်ဟု ဆိုခဲ့ပါသည်။ မြန်မာအစိုးရမှ ၂၀၁၈ ခုနှစ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ကိုယ်စားလှယ်များ သွားရောက်မှုကို ကနဦး ပိတ်ပင်ခဲ့ပြီး နောက် ဧပြီလနှောင်းပိုင်းနှင့် မေလအစောပိုင်းတို့တွင် ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ သွားရောက် ခဲ့ပြီး နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့်တွေ့ဆုံခဲ့ကာ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလာဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့သည်။ သတင်းများအရ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း စုံစမ်းစစ်ဆေးစရာ ဘာမျှမရှိဟု တပ်မတော်မှ ငြင်းဆိုခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး အန်တိုးနီးယိုး ဂူးတရက်စ်က ဘင်္ဂလာဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင် ဒုက္ခသည်များနှင့် တွေ့ဆုံခဲ့သည့် သူ၏ အတွေ့အကြုံကို လူသိရှင်ကြား ပြောပြခဲ့ ကာ ၎င်းတို့၏ ဒုက္ခခံစားမှုကို "ညှဉ်းပန်းနှိပ်စက်မှု ပုံစံတစ်ရပ်" နှင့် "လူမျိုးရေး သန့်စင်မှု" ဟု ခေါ်ဆိုခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် ဥရောပသမဂ္ဂ (EU) နှင့် ကနေဒါနိုင်ငံတို့မှ တပ်မတော်အရာရှိ ခုနစ်ဦးနှင့် ရဲအရာရှိကြီး တစ်ဦးတို့အား ရိုဟင်ဂျာ မွတ်စလင်များအပေါ် ပြစ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရာတွင် ၎င်းတို့၏

အခန်းကဏ္ဍအတွက် ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ခဲ့ပါသည်။ အောက်တိုဘာတွင် ဩစတြေးလျနိုင်ငံမှ တပ်မတော် အရာရှိငါးဦးအပေါ် ဒဏ်ခတ်အရေးယူမှု ပြုလုပ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်အချို့သည် အမေရိကန်ပြည်ထောင်စု၏ ဒဏ်ခတ် အရေးယူသည့် စာရင်းနှင့် သမဂ္ဂမှ တာဝန်ပေးသည့် အစီရင်ခံစာတွင်လည်း ပါပါသည်။ ထို့အပြင် ဇွန်လတွင် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UNDP) တို့မှ ရိုဟင်ဂျာ မွတ်စလင်များ မြန်မာနိုင်ငံသို့ ပြန်ရောက်ရေးအကြောင်း မြန်မာနိုင်ငံနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံ အစိုးရတို့နှင့် နားလည်မှု စာချွန်တစ်စောင် (MOU) လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို MOU ၏အသေးစိတ်အချက်အလက် အပြည့်အစုံကို မည်သည့်အခါမျှ လူသိရှင်ကြား အသိမပေးခဲ့ပေ၊ ထိုအချက်နှင့်အတူ ယင်းလုပ်ငန်းစဉ်တွင် ညှိနှိုင်းမှုများ ပြုလုပ်ရာ၌ ရိုဟင်ဂျာ မွတ်စလင် ကိုယ်စားလှယ်များ မပါရှိကြောင်းနှင့် ယင်းအကျပ်အတည်း၏ အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ရန် ပျက်ကွက်ကြောင်းကိုလည်း ရိုဟင်ဂျာ ထောက်ခံပြောဆိုသူ အဖွဲ့များမှ ဝေဖန်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်အတွင်း အစိုးရအတွင်း ဩဇာရှိသူများရော အစိုးရမဟုတ်သည့် ဩဇာရှိသူများပါ ရခိုင်ပြည်နယ်ရှိ ရက်စက် ကြမ်းကြုတ်မှုများကို သုတေသနပြုကာ အစီရင်ခံခဲ့ကြသည်၊ အချို့က ရိုဟင်ဂျာမွတ်စလင်များအပေါ် တိုက်ခိုက်မှုများသည် သောင်းကျန်းသူများ၏ အကြမ်းဖက်မှုအပေါ် ရုတ်တရက် တုံ့ပြန်မှုမဟုတ်ဘဲ ကြိုတင် စီစဉ်ထားချက်ဖြစ်ကြောင်း ကောက်ချက်ချခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ သွားရောက်ခဲ့စဉ်ကနှင့် ၂၀၁၈ ခုနှစ် ဘင်္ဂလာဒေ့ရှ် နိုင်ငံ၊ ကောက်စစ်ဘဇားရှိ ရိုဟင်ဂျာ မွတ်စလင် ဒုက္ခသည်စခန်းများသို့ သွားရောက် ခဲ့စဉ်က ရခိုင်ပြည်နယ်တွင် ဗလီ ကျောင်းများ ပိတ်ထားခဲ့ကြောင်း သို့မဟုတ် မီးရှို့ခဲ့ကြောင်း၊ ကလေးများသည် အစ္စလမ်ဘာသာရေးကျောင်းများ မတက် နိုင်ခဲ့ကြောင်းနှင့် တပ်မတော်သည် ရိုဟင်ဂျာမွတ်စလင်များ မိမိတို့၏ နေအိမ်များတွင် ဝတ်ပြုခြင်းကို တားမြစ်ရန် ဖမ်းဆီးခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းများအပါအဝင် ဘာသာရေး အလေ့အထများကို နှောင့်ယှက် ခဲ့ကြကြောင်း USCIRF မှ သိရှိခဲ့ရပါသည်။ USCIRF ၏ တွေ့ရှိချက်အများပြားကို သံယောင်လိုက်ကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ဆုံမေးမြန်းချက် ၁၀၀၀ အပေါ် အခြေခံကာ ရခိုင်ပြည်နယ်ရှိ ရက်စက် ကြမ်းကြုတ်မှုများအပေါ် မှတ်တမ်းတင်ချက် တစ်ရပ်ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့သော်လည်း ဥပဒေရေးရာ ဆုံးဖြတ်ချက် များကို ၎င်း၏ ၂၀၁၇ ခုနှစ် လူမျိုးရေးသန့်စင်မှု ကြေညာချက်ထက်ကျော်လွန်ပြီး မပြုလုပ်ခဲ့ပါ။ (နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာနှင့်ပတ်သက်ပြီး အချက်အလက်များ ရယူရန် အောက်ပါ အမေရိကန်ပြည်ထောင်စု၏ မူဝါဒအပိုင်းကို ကြည့်ပါ။)

မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်တို့သည် ရခိုင်ပြည်နယ်အကျပ်အတည်းကို ယေဘုယျအားဖြင့် ငြင်းဆိုကာ အချက် အလက်များကို လိုရာဆွဲသွင်းပြီး မမှန်မကန်ပြောဆိုသော်လည်း ၎င်းတို့၏တုံ့ပြန်မှုများတွင် မသိမသာ ကွဲပြားချက်အချို့ကို ပြသခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်သည် ကြံ့တောင့်ကြံ့ခဲ တာဝန်ရှိကြောင်း ဝန်ခံမှုတစ်ရပ်တွင် လုံခြုံရေးတပ်များနှင့် အရပ်သားများက ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အင်းဒင်ကျေးရွာ၌ ရိုဟင်ဂျာ မွတ်စလင် ၁၀ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် တပ်မတော်ဝင် ခုနစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါသည်။ ဖြစ်ချင်တော့ ရိုက်တာ သတင်းထောက် ဝလုံးနှင့် ကျော်စိုးဦးတို့ ထောက်ကျခဲ့ရသည့် အကြောင်းရင်းမှာ ထိုအင်းဒင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအကြောင်း စုံစမ်းထောက်လှမ်း သတင်းအစီရင်ခံမှုကြောင့်ပင် ဖြစ်သည်။ ထိုနှစ်အတွင်းတွင် ရခိုင်ပြည်နယ်ရှိ ပြစ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ကော်မရှင်အဖွဲ့ နောက်တစ်ဖွဲ့ကို တာဝန်ပေးခြင်းအားဖြင့် ကောင်းမွန်စွာ စုံစမ်းစစ်ဆေးရန် အပြည်ပြည်ဆိုင်ရာ တောင်းဆိုချက်များကို ဟန့်တားရေးကို အစိုးရမှ ထပ်မံ၍ ကြိုးပမ်းပြန်သည်။ သို့ရာတွင် နောက်ဆုံးထိုကြိုးပမ်းမှုမှာ ပွင့်လင်းမြင်သာမှုနှင့် အများယုံကြည်လက်ခံနိုင်မှု ကင်းမဲ့သဖြင့် နိုင်ငံတကာမှ အခွင့်အရေးနှင့် ပတ်သက်ပြီး ထောက်ခံ ပြောဆိုသူများက ဝေဖန်ခဲ့ပြီး၊ ထိုအဖွဲ့တွင် နိုင်ငံခြားသားများ ပါဝင်မှုကြောင့် မြန်မာနိုင်ငံ အမျိုးသားရေးစိတ်ဓာတ် ရှိသူများကလည်း ဝေဖန်ခဲ့ကြသည်။ တစ်ဘက်တွင် အစိုးရသည် ရိုဟင်ဂျာ မွတ်စလင်များကို ရိုဟင်ဂျာဟု အသိအမှတ်

ပြုခြင်းမရှိ၊ နိုင်ငံသားလည်းဖြစ်ခွင့်မပေးသည့် မှတ်ပုံတင်ကတ်ပြားများကို အတင်းအကျပ် လက်ခံစေရန် ကြိုးပမ်းမှုများ အပါအဝင်၊ ၎င်းတို့ ဘေးကင်းစွာ ပြန်သွားနိုင်သည့် ဘေးကင်းလုံခြုံ၍ သိက္ခာရှိသော အခြေအနေများပေးရန် ပျက်ကွက်ခဲ့သည်၊ အခြားတစ်ဘက်တွင် အစိုးရသည် ရခိုင်ပြည်နယ်တွင် ဟိန္ဒူ မိသားစုအချို့ကို ပြန်လည်နေရာချထားရန် ကူညီခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရခိုင်ပြည်နယ်အား ဆုပ်ကိုင်ခဲ့သော အကြမ်းဖက်မှုတွင် ပိတ်မိနေခဲ့သော လူမှုအသိုင်းအဝိုင်း အများအပြားတွင် ဟိန္ဒူအရပ်သားများလည်း ပါဝင်ခဲ့သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် အတိအကျအားဖြင့် အမှုမကြားနာမီ  တရားသူကြီး၏အခန်း ၁ တွင် ICC မှ ၎င်းသည် "ရိုဟင်ဂျာလူမျိုးများအား မြန်မာနိုင်ငံမှ ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ ပြည်နှင်ဒဏ်ပေးသည်ဟုသော စွပ်စွဲထားသည့် ပြည်နှင်ဒဏ်ပေးမှုအပေါ် တရားစီရင်ပိုင်ခွင့် ကျင့်သုံးကောင်းကျင့်သုံးမည်" ဟု  ဆုံးဖြတ်ခဲ့ပြီး၊ ယင်းနောက် ICC မှ တရားလိုရှေ့နေ ဖာတူ ဘင်စူးဒါးမှ ကနဦး စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရမှ ICC ၏ စီရင်ချက်ကို ငြင်းပယ်လိုက်သည်မှာ အံ့သြဖွယ်ရာ မကောင်းပေ။

ရိုဟင်ဂျာနှင့် အခြားမွတ်စလင်များအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့မှာ ဘာသာရေးသဘော အမြဲမရှိသော်လည်း ယင်းသည် ၎င်းတို့၏ဘာသာရေးကို ၎င်းတို့ သင်ကြားကာ ကျင့်သုံးနိုင်မှုအပေါ်တွင် သက်ရောက်မှု ရှိခဲ့သည်။ ၂၀၁၃ ခုနှစ် မတ်လ မိတ္ထီလာမြို့တွင် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်တို့အကြား အကြမ်းဖက်မှုအပြီး ငါးနှစ်အကြာတွင် ထိုသို့ဖြစ်ပြီးနောက် ပိတ်ခဲ့သည့် ဗလီကျောင်းများမှာ ဆက်လက်ပိတ်ထားဆဲဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် သုံးရက်ကြာ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးအချို့ ပါဝင်သော လက်နက်ကိုင်လူအုပ်ကြီးများက မွတ်စလင် အိုးအိမ် ၁၅၀၀ ကျော်ကို မီးရှို့ခဲ့ကြပြီး၊ အစ္စလမ်ကျောင်း သုံးကျောင်းနှင့် ဗလီကျောင်း ဆယ့်နှစ်ကျောင်းကျော်ကို ဖျက်ဆီးခဲ့ပြီး ထောင်ပေါင်းများစွာသော လူတို့မှာ နေအိမ်စွန့်ခွာခဲ့ရကာ လူတစ်ရာကျော်ကို သတ်ဖြတ်ခဲ့ကြ၏။ ၂၀၁၇ ခုနှစ်တွင် သာကေတမြို့နယ်၌ အာဏာပိုင်များက အစ္စလမ်ကျောင်း နှစ်ကျောင်းကို ပိတ်လိုက်ပြီးနောက် ပြင်ပ၌ ဝတ်ပြုရန် စုရုံးသည့်အတွက် မွတ်စလင် အချို့ကို ရဲများ ဖမ်းဆီးသည့် အဖြစ်အပျက်ပြီးနောက်၊ ၂၀၁၈ ခုနှစ် ဧပြီလတွင် တရားရုံးမှ မွတ်စလင် အမျိုးသားသုံးဦးအား ထောင်ဒဏ်သုံးလ ချမှတ်ခဲ့သည်။ အစီရင်ခံသည့်ကာလ အပြီးနောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အာဏာပိုင်များက ရောဝတီတိုင်းဒေသကြီးရှိ အစ္စလမ်ကျောင်းများနှင့် ဗလီကျောင်းတစ်ကျောင်းကို ပိတ်ခဲ့ကြောင်း သတင်းများ USCIRF ရရှိခဲ့ပါသည်။

***ခရစ်ယာန် လူနည်းစုများအပေါ် ပစ်မှတ်ထားသည့် ခွဲခြားဆက်ဆံမှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ-*** မြန်မာနိုင်ငံရှိ ခရစ်ယာန် အချို့သည် ၎င်းတို့၏ဘာသာကို ကိုးကွယ်ရာတွင် ပြဿနာ အနည်းငယ်သာရှိခြင်း သို့မဟုတ် မရှိခြင်း ဖြစ်သော်လည်း၊ အခြားသူများမှာမူ ၎င်းတို့၏ဘာသာရေးယုံကြည်ချက်များကြောင့် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုတို့ ပစ်မှတ်ထားခံရ၏။ ဥပမာ ၂၀၁၇ ခုနှစ် နှောင်းပိုင်းမှစကာ ၂၀၁၈ ခုနှစ်အတွင်းအထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသအချို့တွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲ ပိုမိုပြင်းထန်လာသည့်အတွက်ကြောင့် ခရစ်ယာန်ဘာသာဝင် အများစုဖြစ်သည့် ထောင်ပေါင်းများစွာသော အရပ်သားများသည် နေအိမ်စွန့်ခွာခဲ့ရသည်။ အသစ်ဖြစ်ပေါ်ခဲ့သော ထိုနေအိမ်စွန့်ခွာခဲ့ရမှုများသည် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ် အကြား ၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားမှုကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ဒုက္ခသည်စခန်းများတွင် ပြည်တွင်း နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသော လူတစ်သိန်းကျော် အပြင်ဖြစ်သည်၊ ၎င်းတို့အနက် အချို့ပုဂ္ဂိုလ်များက အကြိမ်ပေါင်းများစွာ နေအိမ်စွန့်ခွာခဲ့ရသည်။ ကာလကြာမြင့်စွာ ရှိနေသည့် ပဋိပက္ခများသည် ဘာသာရေးသဘော သဘာဝမရှိသော်လည်း ခရစ်ယာန်နှင့် အခြား ဘာသာရေး လူမှုအသိုင်းအဝိုင်းများပေါ် နက်ရှိုင်းစွာ သက်ရောက်မှုရှိခဲ့ပြီး၊ တပ်မတော်မှ လူသားချင်းစာနာမှု အထောက်အပံ့အပေါ် ပိတ်ဆို့မှုများသည် အရပ်သားများအနေဖြင့် အစာ၊ အိုးအိမ်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားအခြေခံလိုအပ်

ချက်များကို ရယူနိုင်မှုအပေါ် ကာလကြာရှည်စွာ ဆက်လက်ကန့်သတ်ထားလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် တပ်မတော်သည် ဝတ်ပြုကျောင်းများနှင့် ဘာသာရေးခေါင်းဆောင်များကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်သည်ဟု စွပ်စွဲလျက် ပစ်မှတ်ထားကြောင်း USCIRF မှ သတင်းအချက်အလက် ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် တပ်မတော်၏ သေနတ်နှင့်ပစ်ခတ်မှုနှင့် ဖောက်ခွဲပစ္စည်းများကြောင့် ဘာသာရေး အဆောက်အဦများ ပျက်စီးခဲ့ရသည့် ဥပမာနှစ်ရပ်တွင် ဆွမ်ပရာဘုံမြို့နယ်၊ နှစ်ခြင်းခရစ်ယာန်ကျောင်းနှင့် ဖားကန့်မြို့နယ်၊ ရှိမန်ကက်သလစ် ကျောင်းတစ်ကျောင်းတို့အပေါ် မေလက တိုက်ခိုက်မှုများ ပါဝင်ခဲ့ပါသည်။ ၎င်းတို့နှစ်နေရာလုံးမှာ ကချင်ပြည်နယ်တွင် ရှိကြသည်။ ထို့အပြင် တပ်မတော်သည် လူသားချင်းစာနာမှု အထောက်အပံ့များကို ပိတ်ဆို့မှု၊ အရပ်သားများကို ၎င်းတို့၏ရွာများ၌ ထိန်းသိမ်းထားမှုတို့ ပြုလုပ်ခဲ့ကာ သတင်းစာဆရာများအား ပဋိပက္ခအရပ်များသို့ ဝင်ရောက်ခြင်းကို ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် များမကြာမီနှစ်များက ကချင်ပြည်နယ်တွင် ခရစ်ယာန်ဘုရားကျောင်း ၃၀ ကျော်မှာ အများအားဖြင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ကြောင်းသတင်းအချက်အလက်ကို USCIRF ရရှိခဲ့ပါသည်။ အချို့သော ခန့်မှန်းချက်များအရ ကချင်ပြည်နယ်တွင် အသင်းသူအသင်းသားများ ဝတ်ပြုမရနိုင်တော့သော ဘုရားကျောင်း ၁၀၀ ကျော် ရှိနေပါသည်။ ၂၀၁၈ ခုနှစ် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးအချို့ ပါဝင်သည့် ဒေသခံ လူအုပ်ကြီးများက ခရစ်ယာန် သင်းအုပ်ဆရာများနှင့် အသင်းသူအသင်းသားများကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့ကြောင်း သတင်းများ ကိုလည်း USCIRF ရရှိခဲ့ပါသည်၊ အနည်းဆုံးအနေဖြင့် အဖြစ်အပျက်တစ်ခုတွင် ခရစ်ယာန်များ ဘုရားကျောင်း ဝတ်ပြုပွဲများကို တက်ရောက်ရန်မှာ ၎င်းတို့ဘေးကင်းရေးအတွက် လွန်စွာကြောက်လန့်နေခဲ့ရပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကာလကြာရှည်နေသည့် ပဋိပက္ခတွင် အပြစ်ကင်းသူများ မဟုတ်ပေ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစ၍ တရုတ်ကျောထောက်နောက်ခံရှိကာ မြန်မာနိုင်ငံ၏ အာဏာအရှိဆုံး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းဟု ယူဆခံရသော ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) သည် ရှမ်းပြည်နယ် မြောက်ပိုင်း ဝ ထိန်းချုပ်နယ်မြေရှိ ဘာသာရေးအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များအပေါ် ပစ်မှတ်ထားခဲ့ပါသည်။ အထူးသဖြင့် သာသနာပြုများအကြား စွပ်စွဲထားသော "ဘာသာရေး အစွန်းရောက်မှု" ကို ဖယ်ရှားရန်ဟူသော အသွင်ဖြင့် UWSA စစ်သားများသည် ခရစ်ယာန်ဘုန်းတော်ကြီးများကို စစ်ဆေးမေးမြန်းခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ဘာသာရေး ကျောင်းများကို ပိတ်ခြင်း၊ ခွင့်ပြုမထားသော ဘုရားကျောင်းများကို ဖျက်ဆီးခြင်းနှင့် ဘုရားကျောင်း အသစ်ဆောက် လုပ်ခြင်းကို တားဆီးပိတ်ပင်ခြင်းနှင့် ကျမ်းစာသင်ကျောင်း တက်နေသူ ကျောင်းသားကျောင်းသူများအား ၎င်းတို့၏ အဖွဲ့ဝင်ဖြစ်ရန် အတင်းအကျပ် စုဆောင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ UWSA သည် ဝတိုင်းရင်းသား ခရစ်ယာန် အယောက် ၁၀၀ နှင့် လားဟူ တိုင်းရင်းသား ခရစ်ယာန် အယောက် ၁၀၀ ခန့်ကို ထိန်းသိမ်းခဲ့ပါသည်၊ ထိုအုပ်စု နှစ်စုလုံးကို ၂၀၁၈ ခုနှစ် အဆုံးတွင် လွှတ်ပေးခဲ့ပြီး ထိုနေရာမှ ဘုရားကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့် ပြုခဲ့ကြပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအကျော်ဒေသများတွင်ရှိသည့် ခရစ်ယာန်များသည်လည်း အလားတူ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံမှ ချင်းဒုက္ခသည်များသည် နိုင်ငံတကာမှ အကာအကွယ်မလိုတော့ဟု UNHCR မှ ကြေညာခဲ့ပြီး၊ ၎င်းဆုံးဖြတ်ချက်ကြောင့် ချင်းဒုက္ခသည်များ၏ ဒုက္ခသည် အနေအထားမှာ ရုပ်သိမ်းခံရနိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့တွင် နေထိုင်နေသော ခိုလှုံခွင့် တောင်းခံနေသူ ချင်းဒုက္ခသည် ထောင်ပေါင်းများစွာအပေါ် သက်ရောက်မှုရှိခဲ့ပါသည်။ ချင်းလူမျိုးများ မြန်မာနိုင်ငံမှ ထွက်ပြေးနေခြင်း မရှိတော့သော်လည်း မိမိတို့၏အိမ်များသို့ ပြန်နေခြင်းမရှိကြောင်း UNHCR မှ ပြောဆိုခဲ့ပါသည်။ (ဤအစီရင်ခံကာလ နောက်ပိုင်း ၂၀၁၉ ခုနှစ် မတ်လတွင် "ချင်းဒုက္ခသည်များသည် နိုင်ငံတကာ၏အကာအကွယ်ကို ဆက်လက်လိုအပ်ကောင်း လိုအပ်နေနိုင်သည်" ဖြစ်ပြီး ယင်းသည် "၎င်းတို့၏ ဒုက္ခအနေအထားကို ဆက်လက်

ထိန်းထားမည်” ဟု UNCHR မှ ကြေညာခဲ့ပါသည်) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ထောက်ခံပြောဆိုသူများက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ဆက်လက်စိုးရိမ်နေပါသည်၊ ဥပမာ ၂၀၁၈ ခုနှစ်တွင် အစိုးရနှင့် အစိုးရမဟုတ်သော သြဇာရှိသူများက ချင်းခရစ်ယာန်ဘာသာဝင်များကို မှောင်းနှင်ထုတ်ခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ဗုဒ္ဓဘာသာသို့ အတင်းအကျပ်ကူးပြောင်းစေခြင်း အပါအဝင် ခြိမ်းခြောက်မှုများနှင့် နှောင့်ယှက်မှုများကို ဆက်လက် ပြုလုပ်ခဲ့ပြီး စီမံခန့်ခွဲမှုဆိုင်ရာ ခွဲခြားဆက်ဆံမှု အမျိုးမျိုးကြောင့် ၎င်းတို့သည် ဘာသာရေးအတွက် အသုံးပြုရန်မြေယာ ရယူနိုင်မှု မရှိခဲ့ကြောင်း သတင်းများကို USCIRF ရရှိခဲ့ပါသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အစောပိုင်းတို့တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း တစ်ရပ်ဖြစ်သည့် ရခိုင်ပြည်တပ်မတော်တို့အကြား ဆက်လက် ဖြစ်ပေါ်နေသည့် ပဋိပက္ခကြောင့် ချင်းလူမျိုးအချို့သည် ထွက်ပြေးခဲ့ကြပြီး အဓိကအားဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်များဖြစ်ကြသော ပြည်တွင်းနေအိမ်စွန့်ခွာခဲ့ကြသူများအပေါ် မိမိတို့၏ ဇာတိရွာများသို့ ပြန်သွားခြင်းမှ ဟန့်တားခဲ့သည်။ ချင်းပြည်နယ်နှင့် ထိုဒေသအနီးတဝိုက်ရှိ အခြေအနေသည် မရေရာသဖြင့် ဤအစီရင်ခံကာလအပြီး မျှားမကြာမီ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ အမေရိကန်သံရုံးမှ ၎င်း၏ ခရီးသွားအကြံပြုချက် ကို အသစ်ပြုပြင် ရေးသားကာ အခြားအရာအများအပြင် “အရပ်ဘက် မတည်ငြိမ်မှုနှင့် လက်နက်ကိုင် ပဋိပက္ခတို့ကြောင့်” ချင်းပြည်နယ် ပလက်ဝ မြို့နယ်သို့ ခရီးမသွားရန်အကြံပြုခဲ့ပြီး ချင်းပြည်နယ်ရှိ အရပ်ဘက်ဆိုင်ရာ အထွေထွေ မတည်ငြိမ်မှုကို ဂရုပြုခဲ့ပါသည်။

***လက်သင့်မခံမှု၊ အမျိုးသားရေးဝါဒီနှင့် လူမှုရေးမီဒီယာ၏ အခန်းကဏ္ဍ-*** ၂၀၁၈ ခုနှစ်တွင် အစိုးရနှင့်သက်ဆိုင်သည့် သြဇာရှိသူအချို့နှင့် လူမှုရေး သြဇာရှိသူအချို့က ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသား လူနည်းစုများအပေါ် မှိုင်းတိုက်သည့် အမျိုးသားရေးဝါဒီများနှင့် မျက်ကန်းမျိုးချစ်များ၏ ခွဲခြားဆက်ဆံကာ သည်းခံမှုကင်းမဲ့သည့် အပြောအဆို များနှင့် လုပ်ဆောင်ချက်များကို ဆက်လက်တွန်းလှန်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီး ဦးအောင်ကိုမှ မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ သံဃာတော်များကို စီမံခန့်ခွဲသည့် ဘုန်းတော်ကြီးများ ဦးဆောင်သော တရားဝင်အသင်းဖြစ်သည့် နိုင်ငံတော် သံဃာ့မဟာနာယက (မဟန) ကော်မတီအား ဗုဒ္ဓဘာသာအပေါ် ရန်ငြိုးထားမှု မဖြစ်စေရေးအတွက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ အပြုအမူကို စောင့်ကြပ်ကြည့်ရှုပြီး ဆုံးမရန် အကြံပြုခဲ့ပါသည်။ (တစ်ချိန်က မဘသဟု ခေါ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် မေလတွင် မဟနမှ ထိုအမည် အသုံးပြုခြင်းကို ရပ်စဲရန်နှင့် ဆိုင်းဘုတ်အားလုံးဖြုတ်ရန် အမိန့်ပေးခဲ့သည့်) ဗုဒ္ဓဓမ္မပရဟိတအသင်းကို ပိတ်ပင်ရန် မဟန၏ ဇူလိုင်လ ဆုံးဖြတ်ချက် နောက်ပိုင်း ၂၀၁၈ ခုနှစ် သြဂုတ်လတွင် ဗုဒ္ဓဘာသာ မျိုးချစ်ဝါဒီများက ရန်ကုန်မြို့တွင် ဆန္ဒပြခဲ့ကြသည်။

အားတက်စရာကောင်းသော ဤဆောင်ရွက်ချက်များ ရှိသော်လည်း ဘာသာရေး လူနည်းစုများနှင့် တိုင်းရင်းသား လူနည်းစု များအပေါ် ဦးတည်သည့် အမုန်းတရားနှင့် အကြမ်းဖက်မှုတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကာလရှည်ကြာစွာ ရှိနေသော အခက်အခဲများသည် ၂၀၁၈ ခုနှစ်တွင် ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အင်တာနက် ထိုးဖောက်ဝင်ရောက်မှု၊ မိုဘိုင်းဖုန်း အသုံးပြုမှုနှင့် သတင်းနှင့် အချက်အလက်များအတွက် အထူးသဖြင့် အဓိကအားဖြင့်ဖေ့စဘုတ်အပြင် အခြား လူမှုရေးမီဒီယာ ပလက်ဖောင်းများကို အသုံးပြုနေခြင်းကို နေရာတကာတွင် တွေ့နေရမှုနှင့် အလျင်အမြန်တိုးတက်လာမှုကြောင့် နိုင်ငံမှာ ဒစ်ဂျစ်တယ်ခေတ်အတွင်းသို့ ရုတ်တရက် ဝင်ရောက်ခဲ့ လေသည်။ မြန်မာနိုင်ငံကိုယ်တိုင်က အလျင်အမြန် ပွင့်လင်းလာချိန်တွင် နိုင်ငံတော်၏ ဝါဒဖြန့်မှုမှ စီမံထားခြင်းမရှိသည့် အချက်အလက်များ ဝင်လာခြင်းသည် အလွန်များပြားခဲ့ပြီး၊ တစ်ဘက်တွင် ပြောဆိုဆွေးနွေးမှု လမ်းကြောင်းသစ်များ ဖန်တီးကာ၊ အခြားတစ်ဘက်တွင် လူသေစေနိုင်သည့် အကျိုးဆက်များဖြစ်စေသော ကောလာဟလများ ပြန့်ပွားစေသည့် ကိရိယာများကို လူတို့အား ပေး၏။ မြန်မာနိုင်ငံတွင် လူမှုရေးမီဒီယာများမှ မှားယွင်းသော အချက်အလက်များ အလျင် အမြန်ပြန့်ပွားခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု၏ ရှေ့ပြေးဖြစ်နိုင်ကြောင်း လေ့လာသူအချို့က မှတ်ချက်ချခဲ့ကြသည်။

၂၀၁၈ ခုနှစ် မတ်လ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၌ အပြည်ပြည်ဆိုင်ရာ သီးခြား အချက်အလက်ရှာဖွေရေး လုပ်ငန်းအဖွဲ့ (FFM) ၏ ဥက္ကဋ္ဌဖြစ်သူ မာဇူးကီး ဒါရုစ်မန်က "လူမှုရေးမီဒီယာများ၊ အထူးသဖြင့် ဖေ့စဘုတ်တွင်၊ အမုန်းစကားနှင့် အကြမ်းဖက်မှု လှုံ့ဆော်မှုတို့ ပျံ့နှံ့နေသည်။ ကြီးမားသောအတိုင်းအတာအထိ မည်သူမျှ စစ်ဆေးခြင်းမရှိ" ဟု ပြောဆိုခဲ့၏။ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည် FFM ၏ အသေးစိတ်တွေ့ရှိခြင်းများ တွင်လည်း အမျိုးသားရေး ဝါဒီများသည် အထူးသဖြင့် ရိုဟင်ဂျာဆန့်ကျင်ရေးဖြစ်သည့် မွတ်စလင်ဆန့်ကျင်ရေး အမုန်းတရား စိတ်ဓာတ်နှိုးဆော်ခဲ့သည့် စည်းရုံးရေးများတွင် ဖေ့စဘုတ်နှင့် အခြားရေးသားချက်များကို အသုံးပြုခဲ့ကြောင်းနှင့် တပ်မတော်မှ ရခိုင်ပြည်နယ်တွင် သူပုန်များဦးဆောင်သည့်အကြမ်းဖက်မှုအကြောင်း သက်သေပြချက်မရှိသော စွပ်စွဲပြောဆိုချက်များ ပြုလုပ်ရန် ဖေ့စဘုတ်ကို အသုံးပြုခဲ့ကြောင်း မှတ်ချက်ချခဲ့ပါသည်။ (FFM သည် ဖေ့စဘုတ်ကို အထူးဂရုပြုခဲ့ပြီး ယင်းသည် "မြန်မာနိုင်ငံတွင် ယနေ့ထိ အသုံးအများဆုံး လူမှုရေးမီဒီယာ ပလက်ဖောင်းဖြစ်သည်မှာ ထင်ရှားသည်" ဟု မှတ်ချက်ချခဲ့ပါသည်။) ထို့အပြင် မြန်မာအစိုးရသည် လူ့အခွင့်အရေးများ ချိုးဖောက်သည့်နည်းများဖြင့် ဖေ့စဘုတ်နှင့် အစိုးရမီဒီယာများကို အသုံးပြုခဲ့ပါသည်- ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်အကြောင်း သတင်းများကို ထုတ်ပြန်ရန်ဟုဆိုသည့် ၂၀၁၆ ခုနှစ်တွင် ဖန်တီးခဲ့သော အစိုးရ၏ သတင်းအချက်အလက် ကော်မီတီက ၎င်းဖေ့စဘုတ်စာမျက်နှာတွင် ယင်းမှ "အကြမ်းဖက်သူများ" ဟု ယူဆသည့် ရိုဟင်ဂျာ မွတ်စလင် ၁၃၀၀ ကျော်၏ အမည်များနှင့် ဓာတ်ပုံများကို တင်ထားခဲ့ပါသည်၊ FFM ဥက္ကဋ္ဌ၏အပြောအရ ကလေးများ၏ အချက်အလက်များကိုပါ တင်ထားပြီး "တရားဝင် လုပ်ထုံးလုပ်နည်း တစ်စုံတစ်ရာ မရှိဘဲ" တင်ထားခဲ့ကြခြင်း ဖြစ်သည်။

အတိတ်က မြန်မာနိုင်ငံအစိုးရသည် အကြမ်းဖက်မှု ပေါ်ပေါက်စေနိုင်သည့် မဟုတ်မမှန်သတင်းအချက်အလက်များကို ရပ်တန့်ရန် ကြိုးပမ်းချက်တစ်ရပ်အနေဖြင့် ဖေ့စဘုတ်ကို ပိတ်ပင်ခဲ့ပါသည်။ သို့ရာတွင် အစိုးရနှင့် တပ်မတော် အာဏာပိုင်များနှင့် အစိုးရရုံးများသည် ခွဲခြားဆက်ဆံကာ အဖြစ်မှန်မဟုတ်သော အချက်အလက်များကို ဖြန့်ရန် ဖေ့စဘုတ်စာရင်းများကို တရားဝင်အတိုင်းအတာဖြင့် ပုံမှန် အသုံးပြုကြ၏။ ထိုသို့အသုံးပြုခြင်းဖြင့် အထူးသဖြင့် ရိုဟင်ဂျာ မွတ်စလင်များဖြစ်သော ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် ထိခိုက်နစ်နာလေ့ရှိသည်။ ၂၀၁၈ ခုနှစ်အတွင်း ဖေ့စဘုတ်သည် မဘသ၏တင်ဆက်မှုများကို ပိတ်ပင်ခဲ့ပြီး သွေးမြောက်၍ချိုးကြွနေသူ ဘုန်းတော်ကြီး ဦးဝီရသူနှင့် ပိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် အမျိုးသားရေးဝါဒီ ဘုန်းတော်ကြီးများနှင့် တပ်မတော်အဖွဲ့ဝင်များ အသီးသီး၏ စာမျက်နှာများကို ပိတ်ဆို့ခဲ့ပါသည်၊ စာမျက်နှာများ ဖယ်ရှားခံရသောလူအချို့ကို အမေရိကန် ပြည်ထောင်စု၊ အီးယူ၊ ကနေဒါနှင့် ဩစတြေးလျတို့မှလည်း ပိတ်ပင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ဖေ့စဘုတ်မှ လုပ်ငန်းအပ်နှံခဲ့သော လူမှုရေးတာဝန်အတွက် အမြတ်အစွန်းမယူသည့်လုပ်ငန်း (Business for Social Responsibility (BSR)) ၏ လူ့အခွင့်အရေး သက်ရောက်မှု သုံးသပ်ချက်တွင် ဖေ့စဘုတ်သည် "[စာရင်းပိုင်ရှင်များ] မှ တိုင်းရင်းသားနှင့် ဘာသာရေး တင်းမာမှုများအပေါ် နှိုးဆွမှုများ ပိုမိုတိုးပွားရန် အသုံးပြုခြင်းကို ကာကွယ်ရေးအတွက်" ဖေ့စဘုတ်မှ စာရင်းများကို ဖယ်ရှားခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။

***ဖမ်းဆီးမှုများနှင့် အကျဉ်းချမှုများ -*** ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာ) မှ လက်ရှိစီရင်ချက်ကျခံနေသူများနှင့် ထောင်တွင်းထောင်ပြင် တရားရင်ဆိုင်ရန်စောင့်ဆိုင်းနေသူများ အပါအဝင် နိုင်ငံတွင်းတွင် နိုင်ငံရေးအကျဉ်းသား ၃၂၇ ဦးရှိပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ဦးရေထက် ၃၉ ရာခိုင်နှုန်း တိုးခဲ့သည်ဟု တွက်ချက်ခဲ့ပါသည်။ ထိုနှစ်အတွင်း အကြွင်းမဲ့အာဏာရှင်ဆန်သော ဖမ်းဆီးထိန်းသိမ်းမှု အမျိုးမျိုးသည် အထူးသဖြင့် ရခိုင်ပြည်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ပြီး အချို့ထိန်းသိမ်းခံရသူများက မိမိတို့၏ ဘာသာရေးနှင့် တိုင်းရင်းသားအပေါ် အခြေခံကာ တပ်မတော်၏လက်တွင်း ညှဉ်းပန်းနှိပ်စက်ခံခဲ့ရကြောင်း ဖော်ပြခဲ့ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံမှ ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သူ ဝလုံးနှင့် ကျော်စိုးဦးတို့အား ၎င်းတို့၏ ရခိုင်ပြည်နယ်၊ အင်းဒင်ကျေးရွာရှိ ရိုဟင်ဂျာ မွတ်စလင် ၁၀ ဦးအပေါ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ထူးခြားသော စုံစမ်းထောက်လှမ်းရေးအတွက် ကိုလိုနီခေတ် တရားဝင်လျှို့ဝှက်ချက်များ အက်ဥပဒေအရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ် ချမှတ်လိုက်ပါသည်။ ရှေ့နေများက ၎င်းတို့၏ကိုယ်စား အယူခံဝင်ခဲ့သော်လည်း ဤအစီရင်ခံစာကာလ အဆုံးတွင် နှစ်ဦးစလုံးမှာ ထောင်တွင်းရှိနေဆဲဖြစ်သည်။ ရိုက်တာ သတင်းစာဆရာများသည် အကွက်ဆင်ခံရသည်ဟု တရားရုံးတွင် ဝန်ခံခဲ့ပြီးနောက် ရဲအရာရှိဟောင်းတစ်ဦးသည် တရားရုံး၌ ထောင်ဒဏ်တစ်နှစ် စီရင်ချက်ချမှတ်ခံရပြီးနောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ဤအစီရင်ခံစာကာလ ပြီးခါစတွင် လွှတ်ပေးခဲ့ပါသည်၊ နောက်ပိုင်းတွင် ထိုသူသည် အလုပ်ပြုတ်သွားကာ သူ၏မိသားစုသည် ၎င်းတို့၏နေအိမ်မှ မောင်းနှင်ထုတ်ခံခဲ့ရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် တရားရုံးတစ်ရုံးမှ ကချင်တက်ကြွလှုပ်ရှားသူ လွမ်းဇောင်း၊ နန်းပူနှင့် ဇော်ဂျတ်တို့ကို ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့ပါသည်။ ယင်းမှာ ထိုနှစ်အစောပိုင်းက ခရစ်ယာန် အများအပြားဖြစ်ကြသော အရပ်သားများ ပဋိပက္ခဒေသတွင်း ပိတ်မိနေအောင်နှင့် ကချင်လွတ်မြောက်ရေး တပ်နှင့် တိုက်ပွဲများ ဖြစ်ပွားနေစဉ် လူသားချင်း စာနာမှု အထောက်အပံ့များကို ဖြတ်တောက်ခဲ့သည့် တပ်မတော်၏ လုပ်ဆောင်ချက်ကို ကန့်ကွက်သည့်အနေဖြင့် ၎င်းတို့ ငြိမ်းချမ်းစွာဆန္ဒပြရင်း တပ်မတော် အသရေဖျက်မှုဟု စွပ်စွဲလျက် ထောင်ချခြင်း ဖြစ်သည်။

အပြုသဘောဆောင်သော ဖြစ်ရပ်တစ်ခုမှာ ၂၀၁၈ ခုနှစ် ဧပြီလက မြန်မာနိုင်ငံ သမ္မတမှ အကျဉ်းသား ရှစ်ထောင်ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်  ပေးလိုက်ခြင်း  ဖြစ်သည်။ ၎င်းတို့အချို့မှာ ကချင် နှစ်ခြင်းခရစ်ယာန် ခေါင်းဆောင် နှစ်ဦးအပါအဝင် နိုင်ငံရေးနှင့် ဘာသာရေး အကျဉ်းသားများ ဖြစ်သည်။ ဒမ်ဒေါနောင်လတ်နှင့် လန်ဂျောဂမ်စိုင်တို့ နှစ်ဦးစလုံးမှာ ကချင် နှစ်ခြင်းခရစ်ယာန် အသင်းချုပ်၏ အဖွဲ့ဝင်များဖြစ်ကြပြီး ၂၀၁၆ ခုနှစ်တွင် မုန်းကိုရှိ စိန့်ဖရန်းစစ္စ ဇေးဗီးယား ကက်သလစ် ဝတ်ပြုကျောင်းကို တပ်မတော် လေကြောင်းမှ တိုက်ခိုက်ပြီးနောက် ၎င်းတို့နှစ်ဦးမှ ဒေသခံ သတင်းစာသမားများကို ကူညီခဲ့သည့်အတွက် ထောင်ဒဏ်ကျခံနေခဲ့ခြင်း ဖြစ်သည်။

## အမေရိကန်ပြည်ထောင်စု မူဝါဒ

အမေရိကန်ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံအပေါ် ကဏ္ဍအချို့တွင် ငွေကြေးထောက်ပံ့ပါသည်၊ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုဖြစ်ကတည်းက လူသားချင်းစာနာမှု အထောက်အပံ့ပမာဏမှာ အတိုင်းအတာသစ်များသို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထိုစဉ်က ကုလသမဂ္ဂ ကိုယ်စားလှယ်  ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ် နစ်ကီဟေးလီက နောက်ထပ် ရန်ပုံငွေ ဒေါ်လာ ၁၈၅  သန်း ကြေညာ ခဲ့ပြီး၊ အများစုမှာ ရိုဟင်ဂျာ မွတ်စလင် ဒုက္ခသည်များနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံရှိ အိမ်ရှင်လူမှုအသိုင်းအဝိုင်းများအတွက် ဖြစ်သည်။ ၂၀၁၇ ခုနှစ်မှစ၍ ရခိုင်ပြည်နယ် အကျပ်အတည်းဖြေရှင်းရေးအတွက် အမေရိကန်ပြည်ထောင်စု၏ အထောက်အပံ့ စုစုပေါင်းမှာ ဒေါ်လာ ၃၈၉ သန်းနီးပါးအထိ များပြားခဲ့သည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု အတွက် အပြည်ပြည်ဆိုင်ရာ သံအမတ်ကြီးဖြစ်သူ စမ်ဘရောင်းဘက်က ရိုဟင်ဂျာ မွတ်စလင် ဒုက္ခသည်များ၊ ဘင်္ဂလာဒေ့ရှ် အာဏာပိုင်များတို့နှင့် တွေ့ဆုံရန် ဘင်္ဂလာဒေ့ရှ်နိုင်ငံ ကောက်စ်ဘဇားသို့ သွားရောက်ခဲ့ ပြီး ၂၀၁၈ ခုနှစ် မေလတွင် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်း အုပ်ချုပ်ရေးမှူး မတ်ဂရင်းမှ အကျပ်အတည်း ကြောင့် သက်ရောက်ခံရသူများနှင့် တွေ့ဆုံရန် မြန်မာနိုင်ငံနိုင်ငံနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဝါရှင်တန်ဒီစီမြို့တွင် ကျင်းပသည့် ဘာသာရေးလွတ်လပ်မှု အဆင့်မြှင့်ရန်ဝန်ကြီးများအစည်းအဝေး တွင် ပါဝင်သည့် ကိုယ်စားလှယ်များက "မွတ်စလင်များ၊ ခရစ်ယာန်များနှင့် ဟိန္ဒူများ အပါအဝင်" ဘာသာရေးလူနည်းစုများ မိမိတို့၏

ယုံကြည်ခြင်းကြောင့် ရင်ဆိုင်ရသည့် ခွဲခြားဆက်ဆံမှုများအကြောင်း မြန်မာနိုင်ငံအပေါ် ကြေငြာချက် တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနမှ မြန်မာတပ်မှူးလေးဦးနှင့် တပ်ဖွဲ့နှစ်ဖွဲ့တို့အား "မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ လူမျိုးရေးသန့်စင်မှုနှင့် မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အနှံ့အပြား ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ၎င်းတို့၏ပါဝင်မှုအတွက်" ပိတ်ပင်ခဲ့သည်။ နိုင်ငံတော်သမ္မတ၏ အမိန့် ၁၃၈၁၈ အရ ထိုပိတ်ပင်မှုများမှာ နောက်ပိုင်းတွင် ရာထူးမှဖြုတ်ချခံရသည့် မြန်မာ ဗိုလ်ချုပ်ကြီး မောင်မောင်စိုးအား ၂၀၁၇ ခုနှစ် ပိတ်ပင်မှုအပြင် ပြုလုပ်ခြင်းဖြစ်ပြီး ကနေဒါနိုင်ငံနှင့် အီးယူတို့မှ တပ်မတော်၊ ရဲနှင့် နယ်ခြားစောင့် တပ်မှူး ရှစ်ဦးအပေါ် ပိတ်ပင်မှုပြုလုပ်ပြီး နှစ်လအကြာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ထားသော အစီရင်ခံစာ တစ်စောင်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ထိရောက်စွာနှိမ်နင်းမှုများ ပေါ်ပေါက်စေသည့် အကြမ်းဖက်မှု ပုံစံတစ်ရပ် အပါအဝင် ရိုဟင်ဂျာ မွတ်စလင်များအပေါ် စနစ်တကျ ညှဥ်းပန်းနှိပ်စက်မှုများကို ဖော်ထုတ်ထားပြီး၊ ရခိုင်ပြည်နယ်ရှိ စစ်ဆင်ရေးများသည် "ကောင်းမွန်စွာ စီမံထားပြီး ညှိနှိုင်းဆောင်ရွက်ထား" ကာ "ရိုဟင်ဂျာများကို အတိအလင်း ပစ်မှတ် ထားလျက်၊ အနီးပတ်ဝန်းကျင်ရှိ ရိုဟင်ဂျာမဟုတ်သည့်နေရာများ (ဥပမာ ဗုဒ္ဓဘာသာ စေတီပုထိုးများ) ကို မထိဘဲ [ထားခဲ့]" ကြောင်း ဖော်ပြခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရိုဟင်ဂျာ မွတ်စလင်များနှင့် တွေ့ဆုံဆွေးနွေးမှုများမှ "အကြမ်းဖက်မှု ကျူးလွန်သူများသည် အချို့ဒေသများတွင် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များ သို့မဟုတ် ဘာသာရေး ခေါင်းဆောင်များအား ကွက်၍ပစ်မှတ်ထား" ကြောင်း တွေ့ရပြီး အချို့ဖြေဆိုသူများက "တပ်မတော်မှ ကျမ်းစာများကို မတော်မလျော်ပြုလုပ်ခြင်း" နှင့် "စစ်သားများက [ကိုရန်ကျမ်းများ] ကိုမီးရှို့ခြင်း သို့မဟုတ် ကျမ်းများအပေါ်ဆီးသွားခြင်း" တို့ ပြုလုပ်ကြောင်း ဖော်ပြကြပါသည်။ တပ်မတော်အမှုထမ်းများသည် ဗလီကျောင်းများနှင့် အစ္စလမ်ဘာသာရေး ကျောင်းများအပြင် အခြားအဆောက်အဦများတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို မုဒိမ်းကျင့်ခဲ့ကြပါသည်။ ခိုင်မာသည့် အထောက်အထားများ ရှိသော်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနသည် ရိုဟင်ဂျာ မွတ်စလင်များအပေါ် ညှဥ်းပန်းနှိပ်စက်မှုများကို လူမျိုးတုံး သတ်ဖြတ်မှု သို့မဟုတ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဟု သတ်မှတ်ခဲ့ခြင်းမရှိသည့်အတွက် လူ့အခွင့်အရေး ထောက်ခံပြောဆိုသူ အများအပြားမှာ တုန်လှုပ်ချောက်ချားခဲ့ရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယသမ္မတ မိုက်ကယ် အာရ်ပင့်စ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံတွင် တွေ့ဆုံခဲ့ပြီး "တပ်မတော်နှင့် ကိုယ်ထူကိုယ်ထ လုံခြုံရေးအဖွဲ့များ၏ အကြမ်းဖက်မှုနှင့် ညှဥ်းပန်းနှိပ်စက်မှုတို့ကြောင့် ရိုဟင်ဂျာ ခုနှစ်သိန်းကျော် ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ မောင်းထုတ်ခဲ့ရခြင်းမှာ လက်ခံနိုင်စရာ အကြောင်းပြချက်မရှိ" ဟု ပြောခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ကွန်ဂရက်၏လွှတ်တော်နှစ်ရပ်လုံးသည် ရိုဟင်ဂျာ မွတ်စလင်များအပေါ် ညှဥ်းပန်းနှိပ်စက်မှုအတွက် မြန်မာ့တပ်မတော်အပေါ် ပိတ်ပင်ခဲ့မည့် ဥပဒေပြဌာန်းချက် တင်ပြခဲ့သော်လည်း ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဂျွန်မက်ကိန်း အမျိုးသား ကာကွယ်ရေး ခွင့်ပြုချက် အက်ဥပဒေ (P.L. 115-232) မှ ထိုစကားရပ်ကို အဆုံးတွင် ဖယ်ရှားခဲ့ ပါသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ် အာရှ အာမခံကြိုးပမ်းမှု အက်ဥပဒေ (P.L. 115-409) သည် မြန်မာနိုင်ငံရှိ တပ်မတော် ပညာရေးနှင့် သင်တန်းနှင့် တပ်မတော် ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အမေရိကန် ရန်ပုံငွေများ အသုံးပြုနေမှုကို ကန့်သတ်ခဲ့ပါသည်။ ထို့အပြင် ရိုဟင်ဂျာ မွတ်စလင်များအပေါ် ရက်စက် ကြမ်းကြုတ်မှုများကို လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုဟု အမည်တပ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို (H.Res.1091) ၂၀၁၈

ခုနှစ်တွင် အောက်လွှတ်တော်မှ ချမှတ်လိုက်ကာ၊ ကျူးလွန်သူများအပေါ် နောက်ထပ် ပိတ်ပင်မှုများ ပြုလုပ်ရန် ထောက်ခံခဲ့ပြီး ရှိုက်တာသတင်းစာဆရာ နှစ်ဦးကို လွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်။

နိုင်ငံခြာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် CPC အဖြစ် နောက်ဆုံးသတ်မှတ်ခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် CPC သတ်မှတ်ချက်နှင့် အတိအကျသက်ဆိုင်သည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည့်အစား၊ အခန်းကဏ္ဍနှစ်ရပ်ဆောင်ရွက်သည့် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ပါသည်၊ ယခုကိစ္စမှာ 22 CFR 126.1 တွင် ရည်ညွှန်းထားသည့် တည်ရှိနေဆဲ လက်နက်ကုန်သွယ်မှုပိတ်ပင်ရေးများကို သက်တမ်းတိုးပေးလိုက်ခြင်း ဖြစ်သည်။